**ဖိုကိုလာရေလှုပ်ရှားမှု**

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

ဧပြီလ ၂၀၁၆

"သင်တို့အားငါအမှန်ဆိုသည်ကား ဤငါ၏ညီအစ်ကိုတို့တွင် အသိမ်ငယ်ဆုံးဖြစ်သူတစ်ယောက်ကို သင်တို့ပြုစုခဲ့ကြလျှင် ငါ့ကိုပင်ပြုစုကြပြီ" (မာတေဦး၂၅း၄၀)

ကျွန်ုပ်တို့အလွန်နှစ်သက်မြတ်နိုးသော သခင်ယေရှု၏ ထိုနှုတ်တော်ထွက်စကားအား အဘယ်ကြောင့် လစဉ်အသက်ပေးသည့်နှုတ်တော်ထွက်စကားများတွင် တစ်ဖန်ရွေးချယ်ရပြန်သနည်း။ ၄င်းတို့မှာ သမ္မာကျမ်းစာတော်မြတ်၏နှလုံးသည်းပွတ်ဖြစ်သောကြောင့် ဖြစ်ကောင်းဖြစ်မည်။ ထိုအကြောင်းအရာများကား နောက်ဆုံးသောနေ့၌ သခင်ဘုရားရှေ့တော်မှောက်ရောက်ရှိသောအခါ ကျွန်ုပ်တို့အားမေးလာမည့် မေးခွန်းများဖြစ်ပေလိမ့်မည်။ အဆိုပါ နှုတ်တော်ထွက်စကားများက ကျွန်ုပ်တို့၏အသက်တာများအတွက် အလှည့်အပြောင်းဖြစ်စေမည့် အရေးအကြီးဆုံး စာမေးပွဲဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် နေ့စဉ်အသက်တာတွင် အဆင်သင့်ပြင်ထား နိုင်ပါသည်။

ဘုရားသခင်က ဆာလောင်မွတ်သိပ်သောသူ၊ ရေငတ်သောသူတို့ကို စားစရာ သောက်စရာပေးခဲ့ပါသလား၊ တစိမ်းဧည့်သည်ကိုလက်ခံကြိုဆိုခဲ့ပါသလား၊ အဝတ်မရှိသူကို ဝတ်စရာပေးခဲ့ပါသလား၊ နာမကျန်းသူနှင့် အကျဉ်းကျနေသူတို့ထံ အလည်အပတ်ပြုခဲ့ပါသလား စသည်ဖြင့် ကျွန်ုပ်တို့အား မေးပါလိမ့်မည်။ ယင်းတို့မှာ သေးငယ်သော အပြုအမူလေးများအတွက်မေးခွန်းဖြစ်သော်လည်း အဖိုးအဖြတ်နိုင်သော တန်ဖိုးရှိလှပါသည်။ ချစ်ခြင်းမေတ္တာ အတွက်၊ ဘုရားသခင်အတွက်ပြုခဲ့ပါလျှင် မည်သည့်အရာမျှ သေးငယ်သည်ဟူ၍မရှိပါ။

အမှန်က သခင်ယေရှုသည် ဆင်းရဲနွမ်းပါးသူများနှင့် အပယ်ခံများတို့ထံ သက်သက်ချဉ်းကပ်ခဲ့သည်မဟုတ်၊ နေမကောင်းသူကို ကုသပေးခြင်းနှင့် ဝေဒနာခံစားနေရသူတို့ကို နှစ်သိမ့်ပေးရုံသက်သက်မဟုတ်၊ ကိုယ်တော်ရှင်သည် ထိုသူတို့အား ထူးမြတ်လှသောချစ်ခြင်းမေတ္တာတော်နှင့် ချစ်သောကြောင့်တည်း။ ထိုသူတို့အား မိမိ၏မိသားစုဝင် အဖြစ်ခေါ်ဆိုနေခြင်း၊ ထိုသူတို့နှင့်အတူ မိမိကိုယ်ကိုဖေါ်ပြနေခြင်းမှာ နက်နဲဖွယ်ရာ တစ်လုံးတစ်ဝတည်းရှိခြင်းပင် ဖြစ်သည်။

ယနေ့ခေတ်အခါတွင်လည်း သခင်ယေရှုသည် မတရားမှုနှင့် အကြမ်းဖက်မှုကို ခံစားနေရသူများ၊ အလုပ်အကိုင်ရှာဖွေနေသူများ၊ စွန့်စွန့်စားစားအခြေအနေတွင် ရှိနေသူများ၊ စစ်ကြောင့် မိမိမွေးရပ်မြေကို စွန့်ခွာတိမ်းရှောင်နေရသူများတွင် ရှိနေပါသေးသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိအဘယ်မျှလောက်သောလူတို့သည် အကြောင်း

တရားမျိုးစုံကြောင့် ထိခိုက်ခံစားနေကြပါသနည်း။ အသံထွက်၍ဖြစ်စေ၊ တစ်လုံးတစ်ပါဒမျှအသံမထွက်ဘဲဖြစ်စေ ကျွန်ုပ်တို့၏အကူအညီကို တောင်းခံလိုအပ်နေပါသနည်း။ ထိုသူတို့သည် ချစ်ခြင်းမေတ္တာ အမှန်တကယ်ပြဖို့လိုအပ်နေသောသခင်ယေရှုပင်ဖြစ်သည်။ လိုအပ်မှုအသစ်များအတွက် "သနားကြင်နာခြင်းကရုဏာလုပ်ဆောင်မှုများ" အဖြစ် အသစ်ဖန်တီးနိုင်စွမ်းသည့် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။

မည်သူတစ်ဦးတစ်ယောက်မျှချန်လှပ်ထား၍မရပါ။ အသက်အရွယ်အိုမင်းသူ သို့မဟုတ် နေထိုင်မကောင်းသူသည် သခင်ယေရှုဖြစ်နေခဲ့ပါလျှင် လိုအပ်သည့်အကူအညီကို မပေးဘဲမည်သို့နေနိုင်ပါမည်နည်း။ အကယ်၍ ကျွန်ုပ်၏ဘာသာစကားကို ပြောင်းရွှေ့အခြေချလာသူကလေးငယ်အား သင်ပေးမည်ဆိုလျှင် သခင်ယေရှုကို သင်ပေးခြင်းပေတည်း။အကယ်၍ အမေ့အား အိမ်ကိုကူညီရှင်းလင်းပေးသည်ဆိုလျှင် သခင်ယေရှုအားကူညီခြင်းပင်။ အကယ်၍ အကျဉ်းကျနေသူအားမျှော်လင့်ချက်ကို ဆောင်ကြဉ်းပေးခဲ့လျှင် သို့မဟုတ် စိတ်ဖိစီးသူ သို့မဟုတ် မိမိအားထိခိုက်နာကျင်စေပြီး ခွင့်လွှတ်ခြင်းလိုအပ်နေသူ တစ်စုံတစ်ယောက်ကို နှစ်သိမ့်မှုကိုပေးခဲ့မည်ဆိုလျှင် ကျွန်ုပ်သည် သခင်ယေရှုနှင့် ဆက်ဆံရေးကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။ ထို့နောက် အကျိုးဆက်အားဖြင့် အချိန်တိုင်းတွင် အခြားသူတို့အား ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ပေးနေသည်သာမက ကျွန်ုပ်ကိုယ်တိုင်သည်လည်း ကြီးမားလှသည့် ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ခံစားရမည်ဖြစ်ပေသည်။ ပေးကမ်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် လက်ခံရရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် အတွင်းစိတ်ပြည့်စုံမှုကို ခံစားနိုင်ပါသည်။ ကျွန်ုပ်တို့ သိထားခြင်းမရှိသော်လည်း ပျော်ရွှင်ခံစားရသည်မှာ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် ဆုံတွေ့ခဲ့ရသောကြောင့်ပင်ဖြစ်သည်။ ကယားရာလူးဘစ်ရေးသားခဲ့ချက်အရ အခြားလူပုဂ္ဂိုလ်တစ်ဦးမှာ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ထံရောက်ရှိဖို့ ဖြတ်သန်းသွားရမည့် ပေါင်းမိုးစကြံ လမ်းပင်ဖြစ်သည်။

သူမ၏အစောပိုင်းကာလများအတွေ့အကြုံမှ ဤအသက်ပေးသည့်နှုတ်တော်ထွက်စကား၏သက်ရောက်မှုကို ပြန်ပြောင်းသတိရစေပါသည်။

ကိုယ်နှင့်နီးစပ်သူများနှင့် သူတို့အားမေတ္တာထားခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အတွေးအခေါ်ဟောင်းများသည် ပြိုပျက်ခဲ့လေပြီ။ လူတိုင်း၌ ခရစ်တော်သည် တစ်နည်းတစ်ဖုံရှိနေသည်ဆိုပါလျှင် ကျွန်ုပ်တို့အနေဖြင့် ခွဲခြားဆက်ဆံခြင်းမပြုနိုင်ပါ၊ မျက်နှာသာပေးခြင်းမလုပ်နိုင်ပါ။ တစ်ပါးသူအပေါ်ခွဲခြားထားရှိတတ်သော ကျွန်ုပ်တို့၏လူ့သဘောမနောတို့သည် လေထဲသို့လွင့်ပစ်လိုက်လေပြီ။ ကိုယ့်နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား၊ ကြီးသူ ငယ်သူ၊ ရုပ်ချောသူ ရုပ်ဆိုးသူ၊ နှစ်လိုဖွယ်ကောင်းသူ သို့မဟုတ် ယုတ်ညံ့သူ၊ ချမ်းသာသူ သို့မဟုတ် ဆင်းရဲသူ စသည်ဖြင့် လူတိုင်း၏နောက်ကွယ်တွင် ခရစ်တော်သည် ရှိနေပါသည်။ ခရစ်တော်သည် တစ်ဦးချင်းစီထဲတွင်ရှိနေပါသည်။ အမှန်အားဖြင့် ညီအစ်ကို သို့မဟုတ် ညီအစ်မ တစ်ဦးချင်းစီသည် "ခရစ်တော်ကိုယ်ပွား"ပင်ဖြစ်တော့သည်။

ဤသို့အသက်ရှင်နေထိုင်ခြင်းက ကျွန်ုပ်တို့နှင့်နီးစပ်သူများသည် ဘုရားသခင်ထံသွားရာလမ်းကြောင်းဖြစ်သည်ကို သတိပြုမိလာစေပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများသည် ဘုရားသခင်နှင့်ဆုံတွေ့ဖို့ရန် ဖြတ်သန်းသွားရမည့် ပေါင်းမိုးစကြံလမ်းနှင့်တူပေသည်။

ယင်းကို ကျွန်ုပ်တို့သည် အစောဆုံးနေ့ရက်များကပင် တွေ့ကြုံခဲ့ပြီးဖြစ်သည်။ ညနေခင်း ဆုတောင်းချိန် သို့မဟုတ် တစ်နေ့တာလုံး ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများအားဖြင့် ကိုယ်တော်ရှင်ကို ချစ်ခြင်းမေတ္တာပြပြီးနောက် အတူတကွစုပေါင်း၍ထောက်ရှုသည့်အခါ ဘုရားသခင်နှင့် ပေါင်းစည်းခြင်းပင်ဖြစ်သည်။ မည်သူက သစ်လွင်လှသော အတွင်းစိတ်၌ပေါင်းစည်းခြင်း၊ ကောင်းကင်နိုင်ငံတမျှဖြစ်ခြင်းကို ကျွန်ုပ်တို့အား နှစ်သိမ့်မှုကိုပေးသနည်း၊

သမ္မာကျမ်းစာထဲမှ “ပေးကမ်းကြလော့၊ ထိုအခါ သင်တို့ကိုလည်း ပေးကမ်းကြလိမ့်မည်”(လုကာ၆း၃၈)အတိုင်း သက်ရှင်လိုက်လျှောက်သူသည် ခရစ်တော်မှတစ်ပါး မည်သူရှိဦးမည်နည်း။ ကိုယ်တော်ရှင်အား ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများအားဖြင့် တစ်နေ့တာလုံးချစ်ခြင်းမေတ္တာထားကြသည့်အခါ ကိုယ်တော်ရှင်သည်လည်း ကျွန်ုပ်တို့ကို ယခုပင်ချစ်နေပါလိမ့်မည်။

*Fabio Ciardi*